# YANGON AERODROME COMPANY LIMITED

*Setting the standard for high performance*

**Press Release**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Termianl 1 တွင် မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်ပြီးစီး

**ရန်ကုန် - မတ်လ ၂၂ ရက် ၂၀၁၉ ခုနှစ် -** ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 မြေအောက်ထပ်တွင် မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့ နေ့လယ် ၁:၃၀ နာရီတွင် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။




*ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 တွင် မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။*

အဆိုပါလေ့ကျင့်မှုသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မီးဘေးအန္တရာယ်လုံခြုံစိတ်ချရမှု၊ အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို အစမ်းလေ့ကျင့်ခြင်းဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အသုံးပြုသူခရီးသည်များနှင့် လေဆိပ်အတွင်းရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဘေးကင်းလုံခြုံမှုအတွက် ယုံကြည်စိတ်ချရမှုတို့ကို စဉ်ဆက်မပြတ်သိရှိနားလည်နိုင်စေရန် ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်မှုတွင် မီးလောင်မှုဖြစ်ပွားရာနေရာမှ အရေးပေါ်အချက်ပေးသံထွက်ပေါ်လာပြီး Terminal 1 မြေအောက်ထပ်ရှိ လေဆိပ်ဝန်ထမ်းများအားလုံးကို အရေးပေါ်ထွက်ပေါက်များမှ ဘေးကင်းရာသို့ စနစ်တကျထွက်ခွာစေခြင်းနှင့် မီးသတ်အဖွဲ့ဝင်များမှ သရုပ်ပြမီးငြိမ်းသတ်မှုများဆောင်ရွက်ခဲ့ပါသည်။ နေ့လယ် ၁း၄၅ နာရီတွင် လေ့ကျင့်မှုဆောင်ရွက်ပြီးစီးခဲ့ပါသည်။

- END -

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် နိုင်ငံတကာအဆင့်မီလေဆိပ်ဝန်ဆောင်မှုများအား စတင်ဝန်ဆောင်မှုပေးခဲ့သော Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံ၏ အဓိကဝင်ပေါက်၊ ထွက်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) အား စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဝန်ဆောင်မှုလုပ်ငန်းများကို စီမံခန့်ခွဲလျက်ရှိသော YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား အရည်အသွေးမြင့်လေကြောင်းဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရေးအတွက် အခြေခံအဆောက်အအုံ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို နေ့စဉ်နဲ့အမျှ အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်လျက် ဆောင်ရွက်လျက် ရှိပါသည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိလျက်ရှိသော မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံနေထိုင်ရာ နိုင်ငံများသို့ ခြောက်နာရီကြာပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ မြန်မာနိုင်ငံသည် ခရီးသွားလာရာနေရာတစ်ခုအဖြစ် ရေပန်းစားလူကြိုက်များလာသည်နှင့်အညီ YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးမြင့် ခရီးသွားဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရန် အဆင့်မြှင့်တင်လျက် ရှိပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အရောင်းဆိုင် ၄၇ ဆိုင် ရှိပြီး အစားအသောက်အရောင်းဆိုင် ၂၃ ဆိုင်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၂ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၃၀ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၁၈ ခုနှစ်အတွင်း ခရီးသည်ပေါင်း ၆.၀၃၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။